

တာငမိုး

# မြန်မာ့ဘာဝ ၊ မြန်မာ့ဝန်းကျင် နှင့် မြန်မာ့ကဗျာ

Copy Right - Family Members of U Tin Moe
Published with the permission of his family.

ပုံနှိပ်ထုတ်ဝေမှု မှတ်တမ်း

စာအုပ်အမည်
မြန်မာ့ဘာဝ၊ မြန်မာ့ဝန်းကျင် နှင့် မြန်မာ့ကဗျာ

စီစဉ်ထုတ်ဝေသူ
မိုးမခ မီဒီယာ စာနယ်ဇင်းအဖွဲ့

ထုတ်ဝေနှစ်
၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ
-

တန်ဖိုး
-

သရုပ်ဖော်ပန်းချီ
မင်းကျော်ခိုင် နှင့် အင်တာနက်

စာအုပ်အလှ နှင့် စာမျက်နှာ ဖွဲ့စည်းမှု
ကိုဦး+မသန္တာ

ဆက်သွယ်ရန်
contact@moemaka.org
MoeMaKa, PO Box 320-207, San Francisco,
CA 94132-0207, USA

# မြန်မာ့ဘာဝ၊ မြန်မာ့ဝန်းကျင် နှင့် မြန်မာ့ကဗျာ

တင်မိုး

"၁၉၈၈ ခုနှစ် ရှစ်လေးလုံး လူထုအရေးတော်ပုံကြီး ပေါ်ပေါက်သောအခါ
လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော
ဒီမိုကရေစီအင်အားစုကြီး ပေါ်ပေါက်လာပါသည်။
ထို လူထုအရေးတော်ပုံကြီးကိုထောက်ခံသော ကဗျာများကို
ကျွန်တော်တို့တတွေ ရေးသားဖွဲ့ဆိုခဲ့ကြသည်။
လက်ကမ်းစာစောင်များ ထုတ်ဝေကမ်းလှမ်းဖြန့်ချိခဲ့ကြသည်။
ထို့ကြောင့် နဝတ စစ်အစိုးရက ကဗျာဆရာများကို စစ်ခုံရုံးတင်စီရင်၍ ထောင်ချခဲ့ပါသည်။
ကျွန်တော်လည်း ထောင်နန်းစံကဗျာဆရာအုပ်စုတွင် တဦးအဖြစ်ပါဝင်ခဲ့ပါသည်"



## မိတ်ဆက်

၂၀၀၂ ခုကပါ။ မြောက်အီလီနွိုင်းတက္ကသိုလ် မြန်မာပညာရပ်ဌာန နှီးနှောဖလှယ်ပွဲကို ဆီ့ဒင်နိုင်၊ ဂိုတီးဘော့မြို့မှာ ကျင်းပပါတယ်။ မြန်မာပညာရပ် နှီးနှောဖလှယ်ပွဲဆိုတာကြားတော့ ဆရာဦးတင်မိုး ဆိတ်ဆိတ်မနေနိုင်ပါဘူး။ နှီးနှောဖလှယ်ပွဲမှာဖတ်ဖို့ဆိုပြီး "မြန်မာဘဝ၊ မြန်မာ့ဝန်းကျင်နှင့် မြန်မာ့ကဗျာ" ဆိုတဲ့ စာတမ်းတစောင် သူ့မိတ်ဆွေတွေဆီကို ပို့လိုက်ပါတယ်။

အကြောင်းကြောင်းကြောင့် နှီးနှောဖလှယ်ပွဲမှာ စာတမ်းကို အရင်းအတိုင်း ဖတ်ပြခွင့် မရလိုက်ပါဘူး။ သိတဲ့အတိုင်း နှီးနှောဖလှယ်ပွဲမှာ စာတမ်းဖတ်ချိန်က စာတမ်းတစောင်အတွက် ၁၅ မိနစ်ပဲရတာက အကြောင်းတကြောင်း၊ စာတမ်းအားလုံးကို အင်္ဂလိပ်လို ဖတ်ကြတာက အကြောင်းတကြောင်း ဆိုပါတော့။ ဒါပေမယ့် ဆရာ့ကို ကြည်ညိုလေးစားတဲ့ ပညာရှင်တဦးက ဆရာ့စာတမ်းရဲ့ အနှစ်သဘောကို ရသမျှအချိန်လေးအတွင်းမှာ တတ်နိုင်သမျှ တင်ပြပေးခဲ့ပါတယ်။

အဲနောက်မှာတော့ ဆရာ့စာတမ်းဟာ မြုပ်နေခဲ့တယ်လို့ ယူဆပါတယ်။ ဘယ်စာစောင်၊ ဘယ်အင်တာနက် စာမျက်နှာမှာမှ မတွေ့မိပါဘူး။ ကိုယ်တိုင်က မျက်စိလျှံသွားတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မပျောက်ကောင်း မမြုပ်ကောင်း စာတမ်းတစောင်ကို မဖတ်ဖူးသူများ ဖတ်ခွင့်ရစေချင်လို့ မိုးမခ ကနေ ဖြန့်လိုက်ရပါတယ်။ မြန်မာနိုင်ငံနဲ့ မြန်မာစာပေ ယဉ်ကျေးမှု အပေါ်ထားရှိတဲ့ ဆရာစေတနာရနံ့ကြောင့် ဖတ်ရင်း ဖတ်ရင်း ကြည်နူးအားတက်ခွင့်ရကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီစာတမ်းကို မြောက်အီလီနွိုင်းတက္ကသိုလ်က မြန်မာစာပြဆရာ ဦးစောထွန်းဆီက ရပါတယ်ရှင်။

၈မစ၁

## မိုးမခ ကျေးဇူးစကား

ဆရာ(ဦး) တင်မိုး ၃ နှစ်ပြည့်မှာ အမှတ်တရ ကဗျာတွေ၊ စာတွေ၊ အခမ်းအနားတွေနဲ့ အမှတ်တရလုပ်ဖြစ်ကြပါတယ်။ ပြီးတော့ ဆရာရဲ့ ရှားပါးတန်ဖိုးကြီးတဲ့ စာတမ်းတွေကို ထုတ်ဖော်ခွင့်ကိုလည်း ဆရာရဲ့ ချစ်မိတ်ဆွေများက တင်ဆက်ပေးကြပါတယ်။ ယခုစာတမ်းအတွက် ဆရာ ဦးစောထွန်းနဲ့ ရှာဖွေပေးသူ "မေစာ"ကို မိုးမခက အားလုံးကိုယ်စား ကျေးဇူးတင်ပါတယ်။

# (၁)

ကျွန်တော်သည် မြန်မာကဗျာချစ်သူဖြစ်သည်။ မြန်မာကဗျာ၏ဂုဏ်ကို မြတ်နိုးသူဖြစ်သည်။ ထို့ကြောင့် တသက်ပန်လုံး မြန်မာကဗျာနှင့်နေသည်။ မြန်မာကဗျာ၏ အလှရိပ်မြုံတွင် ခိုလှုံသည်။ ချစ်သူကို တစိမ့်စိမ့်ကြည့်ဘိသကဲ့သလို့ မြန်မာကဗျာ၏ အရိပ်အကဲကို တကြည့်ကြည့် ကြည့်သည်။

ယခုအခါ ကျွန်တော်မြင်သမျှ မြန်မာကဗျာအလှကို တစွန်းတစ တင်ပြလိုပါသည်။

ဦးစွာ ကျေးလက်လူထု၏ တေးကဗျာအလှ။

ထိုအလှသည် ရိုး၏။ ယဉ်၏။ မပြုမပြင် ပင်ကိုယ်လှဖြစ်၏။ ရပ်သံရွာသံ ဓလေ့သံပါ၏။ မိမိမြေမှာပင် အလိုလိုပွင့်လာသောပန်းဖြစ်၏။ မြန်မာရနံ့သင်းပျံ့၏။ ယင်းသို့သော ကဗျာလေးများသည် စာဆိုမထင်ရှား။ အညတြမျှသာဖြစ်၏။ သို့သော် ကဗျာလေးများက ချစ်စရာ။

**ပင်းတယတောင်တန်းမှာ**

ပလူ … ပလူ …
ယတောင်တန်းမှာ ဖွေးဖွေးဖြူ
ပလူဝါးဖျား …
ငှက်ကူးအော်လို့ ဆန်လျော်နား
ဝါးဖျား နိမ့်တုံမြင့်တုံနှင့်။
မယ်လှအိမ်နား …
ပလွေသံနှင့် စောင်းသံကြား
တံခါး ဖွင့်တုံ ပိတ်တုံနှင့်။

**တောင်ရိုးမနုသီချင်း**

အထက်ပါကဗျာတွင် ကဗျာသံစဉ်ကလေးများက ရိုးသည်သာမက အဖြစ်အပျက်ကလေးများကလည်း ရိုးလှသည်။ ရိုးဂုဏ်ကလေးကြောင့်ပင် နှစ်သက်ဖွယ်ဖြစ်ရသော ကဗျာတည်း။

ရှမ်းပြည်တောင်ပိုင်း ပင်းတယတောင်တန်းကြီးပေါ်တွင် ပလူဝါးပင်များ ဖွေးဖွေးဖြူအောင် ပေါက်နေသည်။ ထိုပလူဝါးရုံဖျားတွင် ငှက်ကူးငှက်နှင့် ဆန်လျော်ငှက်တို့ တေးတကြော်ကြော်အော်၍ နားနေကြသည်။ ဝါးရုံပင်ဖျားလေးမှာ နိမ့်တုံမြင့်တုံ။

ပင်းတယတောင်တန်းတစိုက်တွင်နေသော မိန်းမပျိုကလေး၏ အိမ်နားတွင် ပလွေသံနှင့် စောင်းသံ ကြားရသည်။ ညအခါ ကာလသားတို့ လူပျိုလှည့်တေးဖွဲ့ခြင်း ဖြစ်ပေမည်။ မိန်းမပျိုကလေး၏ အိမ်ပြတင်းပေါက်ကလေးမှာ ဖွင့်တံ့ပိတ်တံ့။

ကဗျာ၏ ရိုးစင်းသောအဓိပ္ပာယ်သည် ဤမျှသာ။

သို့သော် ငှက်နား၍ ဝါးဖျားနိမ့်တုံမြင့်တုံ၊ မိန်းမပျိုကလေး၏ ပြတင်းပေါက် ဖွင့်တုံပိတ်တုံသည် ကဗျာဖတ်သူကို ရင်ခုန်စေသည်။ ရှက်ရွံ့စိတ်၊ လိုလားစိတ်၊ ချစ်ခင်စိတ်တို့ လှုံဖိတ်စေသည်။

အသက်ဝင်နေသော ကျေးလက်ကဗျာတပုဒ်ဟု ဆိုရပေမည်။

## ( ၂ )

ကျေးလက်ဘဝသည် လယ်ယာဘဝဖြစ်သည်။ ယာခင်းထဲမှာ ဝါစိုက်သည်။ ယခုတင်ပြမည့် တေးမှာ ဝါခင်းထဲကတေး၊ ရက္ခန်းစင်ကတေးဖြစ်သည်။ ရခိုင်သဘာဝတေးကဗျာများမှ အမှတ်တရရ ရှိနေသောကဗျာပါ။

**မောင်တော်တမ်း အလွမ်းပြေ**

အပွင့်ယေဖြူပြာ၊ အညှာယေကောင်းခြင်း
ယာတောင်ထက်မှာ ဝါဂွမ်းခင်း။
ဝါဂွမ်းပင်ငုံ၊ ဖူးပွင့်စုံ
ဆွတ်တုံ မေရို့၊ ဗိုင်းငင်ဖို့။
ဗိုင်းဝင့်ဝါခြည်၊ လက်ရက်ထည်
မေ့မောင်ရို့မှာ ဝတ်ရမေလေး။

ဝါခြည်ဒူယား၊ အသားညက်
အကွက်မဆန်း၊ မောင်တော်တမ်း
အလွမ်းလေးပြေ၊ ခေါ်ကြတ်ရေ။

ကြွရေ ပ,ရေ၊ သာထွန်းဝေ
အမေရို့မှာ မျက်ငါးသွယ်တည့် မျက်ငါးသွယ်။

**ရခိုင်ကျေးလက်သီချင်း**

အပွင့်၏အရောင်အသွေး ဖြူပြာနုးညံ့သော ဝါဂွမ်းခင်းရှိသည်။ ယာ၏ တောင်ဘက်ပိုင်းမှာ ရှိသော ဝါဂွမ်းခင်း။

ဝါဂွမ်းပင်တွင် အဖူးအငုံ အပွင့်စုံတို့ရှိသည်။ မိန်းမပျိုဖြူတို့သည် ဝါဂွမ်းတို့ကို ဆွတ်ယူကြသည်။ ထို့နောက် ဗိုင်းရစ်ခွင်တွင် ဗိုင်းငင်ကြသည်။ ချည်ဝင့်ကြသည်။ ရက္ကန်းစင်တွင် လက်ယက်ထည် ယက်လုပ်ကြသည်။ ချစ်သူမောင်ဝတ်ဆင်ဖို့ လုံချည်ကို ကိုယ်တိုင်ယက်လုပ်ခြင်း ဖြစ်ပေသည်။

မိန်းမပျိုရက်လုပ်သော ရခိုင်လုံချည်က အသားညက်သည်။ အဆင်အကွက် အဆန်းတကြယ် မရှိ။ ချစ်သူမောင်တော်ကို တမ်းတလွမ်းဆွတ်၍ အလွမ်းပြေ ယက်လုပ်ပြီး လက်ဆောင်ပေးခြင်း ဖြစ်သည်။ ထို့ကြောင့် 'မောင်တော်တမ်း' လုံချည်ဟု ခေါ်သည်။

ထိုလုံချည်ကို အမြတ်တနိုးဝတ်ဆင်လာသော ချစ်သူမောင် သာထွန်းဝေမှာ ကြွကြွရွရွ လှလှပပဖြစ်၍ ရှု၍မငြီး၊ ကြည့်၍မဝ။ မိန်းမပျိုကလေး၏ မျက်စိအမြင်တွင် ကျောက်မျက်ရတနာငါးသွယ် ဆင်ယင်လာဘိသကဲ့သို့။

ဤကဗျာလေးတွင် အဆင်တန်ဆာမရှိ။ ပကတိ ရိုးရိုးကလေးသာဖြစ်သည်။ ရိုးသားဖြူစင်သောအချစ်ကို စာနာခံစားနိုင်သည်။ ဝါဂွမ်းကဲ့သို့ ဖြူစင်သော အချစ်၏သင်္ကေတ။

ဤတောင်ရိုးခနှင့် ရခိုင်ဓလေ့တေးကဗျာတို့ကို ဖတ်ရလျှင် မြန်မာကျေးလက် ကဗျာကလေးတပုဒ်ကိုလည်း သတိရဖွယ်ဖြစ်သည်။ နှစ်သက်ဖွယ်ကောင်းသည်။ ရှုပါ။

**မာယာ**

မွေးမေလေး သူစိတ်ဆိုးလို့
ရစ်ကြိုးနဲ့ ရိုက်လိုက်လေ
ကျောသိသိ ကြေတယ်လေလေ့။
ချစ်တဲ့သူပြန်လာမှ
ဒဏ်ရာကို လှန်ကာပြလို့
ငိုပါ့မယ်လေး။

## မြန်မာကျေးလက်ကဗျာ

ထိုကဗျာတွင် မြန်မာကျေးလက်မိန်းမပျိုကလေး၏ အမူ၊ အန္တဲ့ကို တွေ့မြင်နိုင်သည်။

မွေးမေမေက သဘောမတူဘဲ သူ့ချစ်သူမောင်ကို ချစ်ကြိုက်ခဲ့သဖြင့် မိခင်က စိတ်ဆိုး၍ ဗိုင်းရစ်ခွင်က ရစ်ကြိုးနှင့်ရိုက်သတဲ့။ ရစ်ကြိုးသေးသေးကလေးနှင့်ရိုက်သည်ကို မိန်းမပျိုကလေးက

အလွန်နာလေဟန် မူရာမာယာ လုပ်သည်။ ငိုကြီးချက်မ ပြုသည်။ သူ့ချစ်သူပြန်လာသောအခါမှ မွေးမေမေရိုက်သည့်ဒဏ်ရာကို လှန်ကာလှန်ကာပြ၍ ချစ်သူမောင်ကို ငိုပြမတဲ့။ မည်မျှ ချွဲနွဲ့အကဲပိုသော မိန်းကလေးပေနည်း။

ဤကဗျာကလေးသည် တီတီတာတာ ချစ်စရာဖြစ်သည်။ မူရာမာယာများလှသော မြန်မာ့ကျေးလက်ကဗျာတပုဒ်။

# (၃)

'မာယာ' တေးကဗျာနှင့်ဆက်နွယ်၍ ကျေးလက်၏အချစ်ဓလေ့ကိုဖွဲ့သော ကဗျာတပုဒ်ကို သတိရသည်။ ညောင်ရမ်းခေတ်ပေါ် အိုင်ချင်းကဗျာ တဲ့။ ရေးသူက တောင်တွင်း ရှင်ငြိမ်းမယ်။ ရေးသူ အမည်မသိအဆင့်မှ အမည်သိအဆင့်သို့ တိုးတက်ခဲ့ပြီ။ သို့သော် ကျေးလက်အမူအရာ၊ ကျေးလက်၏ ဓလေ့ထုံးတမ်း ယုံကြည်မှုနှင့် ကျေးလက်နေ တောသူတောင်သားတို့၏ အချစ်သဘာဝကို ဖော်ပြနိုင်ခဲ့သည်။ ကဗျာမှာ ဤသို့ ...။

**ကြိုးရမယ့်ဗျာပါ**

ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း ... ယောက်မတို့လေ၊
ငါ့ကိုလွယ်၊ အမယ်ကြီးနှင့် ဘကြီးဖျက်လို့၊
အိမ်လေးထောင့်မှာ၊ ဆူးတွေချလျက်
ဖျက်နဲငယ်မှ စေ့စုံ ...
လှေကားခုံမှာ၊ ဂဠုန် မောင့်ကြောင့် စောင့်တော့တယ်။
လှေကားဦးမှာ၊ ဘီလူး မောင့်ကြောင့် စောင့်တော့တယ်။
လှေကားခြေမှာ၊ ဆူးလေ မောင့်ကြောင့် ကြဲတော့တယ်။
အိမ်တိုင်တိုင်းမှာ၊ နွားရိုင်း မောင့်ကြောင့် ချည်တော့တယ်။
ထရံကြားမှာ၊ ဓားသွား မောင့်ကြောင့် စီတော့တယ်။
အိမ်ကြမ်းကြားမှာ၊ အပ်သွား မောင့်ကြောင့် စီတော့တယ်။
အိမ်မိုးခေါင်မှာ၊ လှံထောင် မောင့်ကြောင့် စိုက်တော့တယ်။

မောင်လဲ ဘယ်က တက်ရမယ်။
မယ်လဲ ဘယ်က ဆင်းရမယ်။

ကြွက်ကဲ့အယောင်၊ ကြောင်ရဲ့အလား

ထုပ်နှင့်လျှောက်ကို
ထိုးဖောက်သွားက
ထုပ်သားငယ်မှ မခိုင်၊ ထုပ်တိုင်ငယ်မှ ပိုးထိုး
အလယ်ကောင်မှာ၊ ဖောင်ဖောင်ကျိုးက
သူခိုးဆိုညွှန်း၊ မီးထင်းထွန်းလို့
ဝန်းကြသောခါ
ဆင်းချခုန်၊ လမ်းဆုံရောက်ပါလိမ့်မလားတော် ...။

ညီမအထွေး၊ ရွှေတလေးကို
ပြေး၍ကြည့်ချေ၊ စေလတ်သောခါ–

အမယ် မမ၊ ကျွန်မ ခဲအို
မြင်ငဲ့ငါတို့
ရှာလယ်ကောင် ခုတင်ကြီးမှာ
စောင်းတီးလို့လေ ...။

**တောင်တွင်း ရှင်ငြိမ်းမယ်**

အထက်ပါကဗျာတွင် အချစ်၏အတားအဆီးအဖြစ် လှေကားခုံမှ ဂဠုန်၊ လှေကားဦးမှ ဘီလူး၊ လှေကားခြေမှ ဆူးလေ၊ အိမ်တိုင်တိုင်းမှ နွားရိုင်း၊ ထရံကြားမှ ခေးသွား၊ အိမ်ကြမ်းကြားမှ အပ်သွား၊ အိမ်မိုးခေါင်မှ လုံထောင်တို့ကို စီကာစဉ်ကာ ဖွဲ့ဆိုထားသည်မှာ စနစ်ကျသည်။ အသက်ပြင်းပြင်း မရှူဝံ့အောင် ကြုံတွေ့ရသော အကျပ်အတည်း အခက်အခဲတို့ကြောင့် ရင်ဖိုလှိုက်မောစေသည်။ ကျေးလက်မြန်မာလူထု၏ ဓလေ့အရိပ်အငွေ့များကြောင့် ခံစားမှုကို အားကောင်းစေသည်။ မြန်မာ့ပုံရိပ်စစ်စစ်ကဗျာဟု ဆိုနိုင်ပါသည်။

ထိုထိုသော ကျေးလက်ကဗျာကလေးသည် ၂၀ ရာစု၊ ၂၁ ရာစုမှာ ထွန်းကားသော ကဗျာဆရာတို့တိုင်အောင် သြဇာညောင်းသည်။ လွှမ်းမိုးသည်။ မြန်မာ့လူမှုဘဝကလည်း ဖွံ့ဖြိုးတိုးတက်သည့်အဆင့်မဟုတ်သေးသဖြင့် ယခုထက်တိုင် ထိုတေးသံများက ချိုမြိန်နေဆဲပင်။

## (၄)

မြန်မာနိုင်ငံသည် ပုဂံခေတ် အနိရုဒ္ဓမင်း၏ အားထုတ်မှုကြောင့် ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံဖြစ်လာရသည်မှာ အများအသိပင်။ ပုဂံ၌ စေတီပုထိုးများပြားသည့်နည်းတူ အလှူမှတ်တမ်း

ကျောက်စာများရှိကြောင်းလည်း အများအသိပင်။ ထိုကျောက်စာများသည်ပင် မြန်မာစာပေ၏ အဦးအစပင်ဖြစ်သည်။ မြန်မာစကားပြေနှင့်အတူ မြန်မာကဗျာလည်း ထွန်းကားခဲ့ဖွယ်ရှိပါသည်။ သို့သော် အထင်ကရ မရှိ။

အင်းဝခေတ်တွင်ကား မြန်မာကဗျာများ အင်နှင့်အားနှင့် ထုနှင့်ထည်နှင့် ထွန်းကားလာခဲ့သည်။ စာဆိုများကလည်း ရဟန်းစာဆိုများ။ ထို့ကြောင့် ဘာသာရေးအရိပ်အငွေ့မှကင်းသော စာကဗျာ ဟူ၍ မရှိသလောက် ရှားချေသည်။

ဗုဒ္ဓစာပေသည် မြန်မာစာပေဘဏ္ဍာတိုက်ထဲသို့ အမွေအနှစ်များစွာ သွန်းလောင်းပေးခဲ့သည်။ မြန်မာကဗျာသည် ဗုဒ္ဓ၏အတွေးအခေါ်များ၊ ဇာတ်ဝတ္ထုများဖြင့် ကြွယ်ပိုးကြွယ်ဝ ချမ်းသာခဲ့သည်။ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်ဥတ္တမကျော်၊ ရှင်အဂ္ဂသမာဓိ စသော အင်းဝခေတ် စာဆိုကျော်များသည် မိမိတို့ကိုယ်ပိုင်ဉာဏ်စွမ်းနှင့် ဗုဒ္ဓ၏စာပေပိဋကတ်အရိပ်များကို လက်စွမ်းကုန် သီကုံးဖွဲ့ဆိုကြသည်။ ထို့ကြောင့် မြန်မာ့ဂန္ထဝင်ကဗျာ အုတ်မြစ်ခိုင်ခဲ့သည်။

ပါရမီတော်ခန်းပျို့၊ ဆုတောင်းခန်းပျို့၊ ကိုးခန်းပျို့၊ ဘူရိဒတ်လင်္ကာကြီး၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ နေမိဘုံခန်းပျို့၊ နေမိခရဲခန်းပျို့၊ ရှင်ဥတ္တမကျော်တောလား စသည်ဖြင့် ခမ်းနားသော ပျို့ကဗျာကြီးများ ထွန်းကားခဲ့ကြသည်။ ကျောင်းသင်္ခမ်း အရိပ်အာဝါသတို့ဖြင့် ငြိမ်းချမ်းသောဘဝကို ဖန်တီး ခင်းကျင်းပြနိုင်ခဲ့ကြသည်။

ကျွန်တော်တို့ နောက်နှောင်းစာဆိုတို့သည် ဂန္ထဝင်ပျို့ကြီး ကဗျာကြီးများအနားသို့ မသီနိုင်ကြကုန်။ အမောပြေ အဆာပြေ ရေတခွက်မျှသောက်ရသည့်အလား မြည်းစမ်းရုံသာ မြည်းနိုင်ခဲ့သည်။ သို့သော် ကျောင်းသင်္ခမ်းရိပ်ကင်း၍ လူ့လောက ရနံ့သင်းသော တေးကဗျာအချို့ကိုကား သောက်သုံးခဲ့ရသည်။ မိမိတို့ကဗျာဘဝ၏ မြေသြဇာအဖြစ် စားသုံးခဲ့ရသည်။ သာဓက ဆောင်ပါအံ့။

(က) ကရဝိတ်ဥဒေါင်း၊ တွန်သံညောင်းကို
စောလောင်းဘုန်းဝှန်၊ နာထိုက်တန်လျက်
သားငှက်မြည်မြည်၊ တွန်လေသည်ကို
ချစ်ကြည်လွန်နှမြော၏တည်း။

**ရှင်မဟာရဋ္ဌသာရ**

(ခ) ဝဏ္ဏာပဘာ၊ ကလျာဖူးစသစ်
ပျိုမျစ်မျစ်လျှင်၊ ကျစ်လျစ်တင့်စံပယ်
လှမျိုးကြွယ်သား၊ ဆံသွယ်မြမြိတ်စို့

— — — — — — — —

— — — — — — — —

ညခင်းဆည်းဆာတွင်၊ ကျွန်ုပ်မြင်သည်

ရယ်ရွှင်ပြုံးတုံ့၊ မပြုံးတုံ့။

— — — — — — — —

— — — — — — — —

စုလည်းထုံးတုံ့၊ မထုံးတုံ့။

— — — — — — — —

— — — — — — — —

ရွှေရင်ဖုံးတုံ့၊ မဖုံးတုံ့။

**ရှင်မဟာရဋ္ဌသာရ**

(ဂ) ငါသာ ငါ့ထက်၊ မာန်မတက်နှင့်

အထက်နေမင်း၊ လေးကျွန်းချင်းလည်း

မလင်းတိမ်တိုက်၊ တကျွန်းမိုက်၏

နှိုင်းလိုက်သည်သာ၊ ဤအရာကို

ကညာရှိက၊ သတိရလိမ့်

လကိုနှုန်းထွေ၊ နေကိုနှုန်းသင့်

မြေနှင့်ပမာ၊ ကျင့်အပ်စွာ၏။

**ရှင်မဟာသီလဝံသ**

(ဃ) ငါနှင့်ငါသာ၊ နှိုင်းစရာဟု

ပညာမုန်ယို၊ အရွယ်ပျိုက

မဆိုစလောက်၊ မာန်စောင်မြောက်၍

နှုတ်ငေါက်လွှန်မိ၊ ဒေါသရှိလည်း

နှောင်းပြီးတခါ၊ ရှိသေစွာလျှင်

ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်

စိတ်ကျန်းမာန်လျှော့၊ ကျွန်ကန်တော့၏။

**ရှင်မဟာရဋ္ဌသာရ**

(င) လေခမြေသက်၊ စျာန်ဝိတက်သို့

သစ်ရွက်ရော်ရီ၊ ဣန္ဒြီဝယ်

သင်္ဂီတဝက်၊ ဖက်၍ဆေးစုံ
ခြယ်သောပုံသို့
ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား။

**ရှင်ဥတ္တမကျော်**

ဤသို့ ထိုသို့စသော ဘာသာရေးအရိပ်အငွေ့ ထုံမွှန်းသော အင်းဝခေတ်၊ ထီးရိပ်နန်းရိပ် ကြငှန်းရိပ်အောက်မှ ချစ်ရိပ်ခင်ရိပ် အကြင်နာရိပ်ဟူသော လောကီအငွေ့အသက် ထုံမွှန်းသည့် တောင်ငူခေတ်၊ တောသံတောင်သံ လူ့ဘဝ၏ လှုပ်ရှားရုန်းကန် အားမာန်ပါသော တျာချင်းသံ၊ အိုင်ချင်းသံတို့ ထွန်းကားလာသည့် ညောင်ရမ်းခေတ်၊ စစ်သံ ခရာသံနှင့် ဓားလှံဖွေးဖွေး စစ်ရေး စစ်သဘင် စစ်ဗျူဟာဆင်ခဲ့ကြသည့် ကုန်းဘောင်ခေတ်ဦးက လက်ဝဲသုန္ဒရ၊ စိန္တကျော်သူစသည့် မျိုးချစ်ဇာတိမာန်တေးသံများနှင့်အတူ လူရေးလူရာ အဖြာဖြာကို ကျယ်ကျယ်ဝန်းဝန်း ဖွဲ့ဆိုလာကြသည့် တေးကဗျာများ၏ရသကို စားသုံးခွင့်ရခဲ့သည်။

မြန်မာကဗျာသည် ကုန်းဘောင်ခေတ်တွင် ရောင်စုံယှက်သန်း လျှပ်စီးလျှပ်ပန်းလက်သကဲ့သို့ အဖက်ဖက်က ထွန်းကားလာခဲ့ကြောင်း အများအသိပင်ဖြစ်သည်။

"ကဗျာမြိုင်တွင် ပေါ်လာဆန်းသကဲ့သို့၊ ညှာအခိုင်ယဉ် လျှော်ရာပန်း" တို့နှင့် နမ်းမဝ ဆွတ်မဝ ခိုင်လုံးညွှတ်ကျလာဘိသကဲ့သို့။

သို့နှင့် ကျွန်တော်တို့ ကဗျာချစ်သူတို့မှာ ဦးပုည၊ အချုပ်တန်းဆရာဖေ၊ လှိုင်ထိပ်ခေါင်တင်၊ ဦးတိုး၊ ဦးကြင်ဥစသည့် စာဆိုကြီးတို့၏ လက်ရာများ၏ ခမ်းနားဆန်းပြားသောအလှကို ဝဝလင်လင် သောက်သုံးရှင်ခဲ့ကြသည်။ ကဗျာ၏ ဆီဦးထောပတ်အရသာကို ကျေနပ်နှစ်သက်စွာ ခံစားခွင့် ရခဲ့ကြပါသည်။

## (၆)

မြန်မာ့သမိုင်းသည် ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်တိုင်အောင် ကိုယ့်မင်းကိုယ့်ချင်း နေလာခဲ့ရာမှ ၁၈၈၅ ခုနှစ်တွင် သူ့ကျွန်ဘဝရောက်ခဲ့သည်။ တိုးတက်ဖွံ့ဖြိုးလာခဲ့သော ခေတ်သစ် ရေစီးအားကို ပဒေသရာဇ်ခေတ်ဟောင်းတွင် တွန်းလှန်နိုင်အား မရှိ။ အင်္ဂလိပ် ကိုလိုနီဘဝသို့ သက်ဆင်းခဲ့ရသည်။

သိင်္ဃတန်ဆောင် ဘုန်းတော်မှောင်ခဲ့လေပြီ။ ကုန်းဘောင်နေမီး ထိန်ထိန်မညီးနိုင်တော့ပြီ။ ထီးသုဉ်းနန်းသုဉ်း မြို့သုဉ်းသုည သုဉ်းသုံးဝနှင့် ကြုံရသဖြင့် မြန်မာတမျိုးသားလုံး စိတ်နှလုံး ညှိုးချုံးကာ "သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တတွေသည်၊ သေသော်မှတည့်၊ ဩော်ကောင်း၏" ဟူ၍ တက်ခေါက်ရင်း လက်မြှောက်ခဲ့ရလေတော့သည်။

ထိုအခါ မြန်မာ့ကဗျာအသံသည် မချိုမမြိန်။ ပေါက်ကွဲသံ၊ ခံပြင်းသံ၊ မာန်တင်းသံ၊ ဟင်းချသံတို့ဖြင့် စီစီညံနေသည်မှာ မဆန်းပါ။ ရှုပါဘိ။

"မြန်မာတွေ စည်းကမ်းဖောက်လို့၊ ထီးနန်းပျောက်ဖြစ်ပြီ။ မှီးငြမ်းထောက် အသစ်ကိုမှီသည်၊ ညစ်ပလီလူမျိုး။ မိပစ်လို့ ဖ,ရောင်သွေသည်၊ ဂွကောင်တွေ ခွေးဖြစ်ပေ့ဖျိုး။

မြန်မာချင်း ကြွားကြွတာ၊ ခားပြကာလူဆိုး၊ ကုလားမြင် သူ့အမွေစိုးတော့မလို၊ ခုမြေလျှိုးပုန်းရှောင်။ မိုက်မနော် ပြုမဟေးတို့က၊ သူ့ပထွေးတော့ ခွေးသို့မဟောင်။

ပြောရာဟဲ့ ရာဇဝင်ပြောင်အောင်၊ စာဇင်တွေဦးချလို့၊ ပလူးရပြေးကျို့ခါခါ၊ ခွေးသို့ပမာ။

တွေးမိတိုင်း အရိုးနာတယ်၊ အမျိုးပါဆဲချင်ပေ့လေး"

**အချုပ်တန်းဆရာဖေ**

ကိုလိုနီခေတ် ရောက်ခဲ့ပြီ။ စာဆိုတို့လည်း ကိုယ့်ဘုရင် ကိုယ့်သခင်ကို မျှော်မှန်းသော တေးကဗျာများ သီကျူးကြသည်။ အတိတ်နိမိတ် တဘောင်များတွက်၍ ရိုးရာယုံကြည်ချက်အရ ကိုယ့်ထီးကိုယ့်နန်းကို တမ်းတကြသည်။ သံဝေဂ၊ နိဗ္ဗိန္ဒတေးများဖွဲ့ဆို၍ ဖြစ်ပြန်ပျက်ပြန် လောကခံကို ဆင်ခြင်ကြသည်။ မမြဲသောတရားသဘောနှင့်ရှုမြင်ကာ လောကကို ငြီးငွေ့ကြသည်။ ညည်းညူကြသည်။ ဟိုအရပ်က မင်းလောင်းပေါ်နိုး၊ သည်အရပ်က မင်းလောင်းပေါ်နိုးနှင့် ကယ်တင်ရှင်ကို မျှော်ကိုးကြသည်။ ဝမ်းနည်းသံ၊ ကြေကွဲသံ၊ စိတ်အားငယ်သံတို့ လွှမ်းမိုးချိန်ပင်တည်း။

ကိုလိုနီခေတ်ဦးတွင် ထူးခြားသောစာဆိုကြီး ၄ ဦး ရှိသည်။ မန်လည်ဆရာတော်၊ လယ်တီဆရာတော်၊ မောင်းထောင်ဦးကျော်လှနှင့် သခင်ကိုယ်တော်မှိုင်းတို့ဖြစ်သည်။ မန်လည်ဆရာတော်သည် ပိဋကတ်နှင့် မြန်မာစာပေကျမ်းဂန်တို့ကို နှံ့စပ်တတ်ပွန်သော ဆရာတော်ဖြစ်သည်။

"သူ မ'တို့' လေနှင့်၊ သူ'တို့' လျှင် တကယ်မြည်တဲ့

မြို့မာန်လည် ရွှေစည်ကြီးပါကွဲ့၊ တီးသမျှ ဖိမ့်ဖိမ့်တုန်"ဟု သူကိုယ်တိုင် ကြွေးကြော်ခဲ့သည်။

"မာန်မလုပ်ချင်လို့၊ မာန်လုပ်ချင်လွယ်သည်သာပ၊

ယံမည်မှာ န ကိုသတ်ရုံပဲ"ဟုလည်း ကြေငြာခဲ့သည်။ မာန်လုပ်ချင်ရင် အလွယ်ကလေးပါ။ ငယ်နာမည် 'မောင်မာ'ဟု ခေါ်သည်။ ငယ်နာမည်ကို 'န'ငယ်သတ်လိုက်ရုံနှင့် မာန်တက်နိုင်ပါသည်ဟု ဆိုလိုက်ပုံမှာ နှစ်သက်ဖွယ်ကောင်းလှသည်။

နောင်အခါ သုတပဒေသာ စွယ်စုံပညာကျမ်းကြီးတဆူ တံခွန်ထူနိုင်သော 'မဃဒေဝလင်္ကာကြီး' ကို ရေးဖွဲ့ခဲ့သည်။ အလွန်ထင်ရှားကျော်ကြားလှပေသည်။ အထူးသဖြင့် မိန်းမတို့၏

အပြစ်အနာအဆာကို တစ်တစ်ခွခွ ပြည့်ပြည့်စုံစုံ ဖွဲ့ထားသော ပျို့လင်္ကာကြီးဖြစ်သောကြောင့် လောကဓာတ်တခွင်မှာ ပြောစမှတ်တွင်သော ကျမ်းတဆူဖြစ်လာရသည်။

"မိန်းမဟူဘိ၊ ထိုဣတ္ထိကား
မရှိမကောင်း၊ ရှိမကောင်းတည့်
မပေါင်းလည်းခက်၊ ပေါင်းလည်းခက်၏" ဟူ၍ မိန်းမတို့သဘာဝကို ဖွင့်ပြခဲ့ရာ အုတ်အော်သောင်းတင်း ဖြစ်ချေတော့သည်။

လယ်တီဆရာတော်ကား ဗုဒ္ဓသာသနာပြု အကျော်အမော် စာပေကျမ်းဂန်တတ်ကျွမ်းသော ဆရာတော်အဖြစ် ထင်ရှားရုံမျှမက ဒီပနီကျမ်းပေါင်းများစွာ ပြုစုရေးသားခဲ့သော အံ့ဖွယ်ဆရာတော် ဖြစ်သည်။ ခက်ခဲနက်နဲသော ဗုဒ္ဓ၏ဒေသနာတော်တို့ကို စာမတတ်ပေမတတ် လူပြိန်းများပင်လျှင် နားလည်လွယ်အောင် ရှင်းလင်းရေးပြနိုင်သော ဆရာတော်ဟူ၍ ကျော်စော၏။ တပည့်တပန်း ရဟန်းသံဃာများကိုမွေးမြူ၍ တက္ကသိုလ်ကျောင်းတိုက်ကြီးသဖွယ် လယ်တီတိုက်ကို တည်ထောင်ခဲ့ရာ ထူးချွန်ထင်ရှားသော တပည့်ကောင်းများမြောက်မြားစွာ ပေါ်ပေါက်ခဲ့ချေသည်။ သာဓကဆိုရလျှင် သေကျွတောင်(သစ်ချတောင်) ဆရာတော် ဦးတိလောက၊ ပိဋကတ်တော် မြန်မာပြန်ဆရာကြီး လယ်တီဦးဝါယမ ခေါ် ဆရာမြို့၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ လယ်တီဦးကောဝိ ခေါ် ပုပ္ပါးဦးကျော်ရင်၊ လယ်တီဦးဝဏ္ဏစိတခေါ် လယ်တီဦးလှတင် စသည်ဖြင့် တပည့်ပေါင်းများစွာ မွေးဖွားခဲ့သောပုဂ္ဂိုလ်ပါပေ။

ထို့ကြောင့်လည်း အင်္ဂလိပ်ဘုရင်ခံက ဒီ၊ လစ် ခေါ် ဒေါက်တာဘွဲ့၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့များ ဆက်ကပ်ခြင်းခံခဲ့ရသည်။ လန်ဒန်ပါဠိဒေဝီ၏ အမေးပုစ္ဆာများကို ဖြေကြားခဲ့သည်။ သီဟိုဠ်က အရှင်သုမင်္ဂလာသာမိ၏ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ ခေါ် ဋီကာကျော်ကျမ်းကို ဝေဖန်သည့် ဋီကာမော်ကျမ်းကား ပိဋကတ်ကျမ်းဂန်တွင် ထင်ရှားလှ၏။ မြန်မာတနိုင်ငံလုံး လက်သုံးပြုကြရသော ဋီကာကျော်ကျမ်းကို ဆစ်ဆစ်ပိုင်းပိုင်း နက်နက်ရှိုင်းရှိုင်း ဝေဖန်သုံးသပ်ထားရာ မခံမရပ်နိုင်လောက်အောင် လက်သံပြောင်လှသောဟူ၏။

ထိုဆရာတော်၊ အနီးဆရာတော်၏ စာပေလက်ရာ စကားပြောအရေးအသားကား ကောင်းမွန်လှပါပေသည်။ နောက် နှောင်းပညာရှင်တို့ စံတင်ရလောက်ပါပေသည်။

ကျွန်တော်ကား လယ်တီဆရာတော်၏ ဂမ္ဘီရကဗျာတို့ကို ဖတ်မိသောခဏ၌ 'ဤပုဂ္ဂိုလ်ကား ကဗျာအရာမှာလည်း သူမတူအောင် ထက်မြက်လှပါပေ၏တကား' ဟု ဦးမညွတ်ဘဲ မနေနိုင်ချေ။

"တပိုင်းကြောင် ကျက်စာရရုံနှင့်၊ ခက်ပါလှ သဘောဉာဏ်" စသော တေးထပ်အချို့ကို မြည်းစမ်းကြည့်ကာမျှနှင့် လယ်တီဆရာတော်၏ ကဗျာဉာဏ်ကို ခန့်မှန်းနိုင်ဖွယ်ရှိသည်။ ကမ်းရိပ်ကမ်းစ မြင်ကာမျှနှင့်ပင် အဏ္ဏဝါပင်လယ် မည်မျှအပြောကျယ်မည်ကို ဆိုဖွယ်မရှိ သိနိုင်ကောင်းပါ၏။

ဦးကျော်လှကား ရုပ်သေးစာဆိုဖြစ်သည်။ ပိဋကတ်ပင်လယ် ဉာဏ်ကြီးဉာဏ်ကျယ် ရှိရှာမည် မဟုတ်။ တောင်သူယာလုပ် ခေးမခုတ်တို့၏ အလယ်တွင် ရုပ်သေးရုပ်ငယ် ပခုံးထမ်း၍ တဝမ်းတခါး ကျောင်းရရှာသော ပုဂ္ဂိုလ်တည်း။ ရုပ်သေးစင်တွင် စာဆိုရုပ်ကိုကိုင်ကာ လက်တန်းကိုင်၍ တမဟုတ်ချင်းရွတ်ဆိုရသော စာဆိုပညာရှင်ဖြစ်သည်။ ကျမ်းကြီးကျမ်းခိုင်နား သူ မသိအား။ ပိဋကတ်ပုံ စာတိုက်ပုံနားတွင် အကိုးအထောက်တွေ မရှာအား။ သူကား သူ့လျှာဖျားအားကိုးနှင့် အရပ်စကားရိုးရိုးကိုသာ သံစဉ်ပြေချောအောင် ဆိုရရှာသူဖြစ်သည်။ သူသည် လူထုထဲကစာဆို ဖြစ်သည်။ လူထုစကားကို သူနားလည်သည်။ လူထု၏ပွဲတင်သံက သူ့နှလုံးရွှေရင်ကို ရိုက်ခတ်သည်။ လူထုဘဝ၊ လူထုအတွေ့အကြုံ၊ လူထု၏ အတွေးအထင်ကို သူ သိမြင်သည်။ ရပ်သဘော ရွာသဘော နောကျေနေသော စာဆိုဖြစ်သည်။

ရုပ်သေးစင်လက်တန်းကလေးကို ကိုင်ကာကိုင်ကာ သူကိုင်စွဲသော စာဆိုရုပ်လေးကို လှုပ်ကာရှားကာဖြင့် ရွှေပွဲလာတို့အား ရွာအတွင်း လက်ငင်းဖြစ်ရပ်များကို စာဖွဲ့လေသည်။

"အရွယ်မှာ အစွယ်ကျိုးပြီမို့
ကွယ်ကိုးရန်မပေါ်ဘု
ညှိုးလျော်လျော် ဖိုးကျော်လှငဲ့
ကိုးမှော်ရ ဉာဏ်ဝိဇ္ဇာ" ဟု စင်ပေါ်က ဟစ်လိုက်လျှင်ပင် လူထုပရိသတ်က ချစ်လေသည်။

"ကမ္ဘာတွင် မြန်မာမျိုးတို့
ဓမ္မတာအမျိုးအမည် ဖျင်ပင်နီနှင့်
ဆင်ထမီ တဘက်ကြမ်းတို့ကို
ရက္ကန်းတွင် လွန်းပျံထိုးပါလို့
ပန်းဆိုးကာ ကိုယ်စီဝတ်ကြရ
မိုးစွတ်နှင့် နေပူခံ" ဟူ၍ မိမိတို့ ရက္ကန်းဗိုင်းဝါကို မိမိတို့ဘာသာရက်လုပ်ကြဖို့ လှုံ့ဆော်လိုက်လျှင် ပီတိတဝေဝေနှင့် လက်ခံသည်။

"မိန်းမတွေ အငြိမ်းမနေကြစမ်းပါနှင့်
ရက်ကန်းမှာ ဗိုင်းဝါအလုပ်ကိုဖြင့်
အများတကာကို အားမနာလို့ မဟုတ်ပါဘု
အသွားအလာ ခါးဗလချာမစုတ်ရအောင်လို့ကွယ်
အားထုတ်ဖို့ကောင်း" ဟု ဦးကျော်လှက သံချိုဖြင့် စည်းရုံးလိုက်လျှင် လူထုပရိသတ်က လွယ်လင့်တကူ လက်ခံပြီးဖြစ်လေတော့သည်။ ဤနည်းအားဖြင့် ဦးကျော်လှသည် လူထုချစ်သော စာဆိုကျော် သံချိုဆရာဖြစ်လာရသည်။

လူထု၏ အရေးကိစ္စမှန်သမျှသည်လည်း ဦးကျော်လှ ကဗျာဉာဏ်ကျက်စားရာ အခြေခံ ဖြစ်လာသည်။ ကောက်စိုက်မရှစ်ဦး ကောက်စိုက်ခဖြင့် ကြေးစည်လှူရသည်လည်း ဦးကျော်လှ သံချိုဖွဲ့စရာ အကြောင်းအရာ။ ကိုကံဝင်းတယောက် ထန်းရည်ကလေးသောက်လာမိ၍ မယားဖြစ်သူက ပြူပြူစူစူလုပ်သောအခါ ရပ်ကျော်ရွာကြားဖြစ်မှာစိုး၍ ဖုံးဖုံးဖိဖိလုပ်ရရှာသော အကြောင်းသည်လည်း ဦးကျော်လှ စာဖွဲ့စရာ။

"ညချမ်းအခါ မဂျမ်းတာက ကလိပြန်တော့<br>
ထက်ဆရာ ခက်ပါဘိရယ်လို့<br>
ပါးစပ်မဖွာပါနှင့်အေ၊ ရပ်ရွာကသိချည်ရဲ့<br>
ဖုံးဖိလို့ထား" တဲ့။

ရပ်သူရွာသားတို့၏ သာမှု နာမှုကိစ္စမှန်သမျှ ဦးကျော်လှ၏နှုတ်ဖျားတွင် သံချိုဖွဲ့စရာချည်း ဖြစ်ခဲ့လေသည်။

ဤသို့ဖြင့် မြန်မာတနိုင်ငံလုံးရှိ လူထုအလယ်တွင် ဦးကျော်လှရပ်သေးစင်မှ ဟစ်လိုက်သော သံချိုများကို ရယ်ကာမောကာ ရွှတ်ဆိုကာနှင့် ဩဇာညောင်းခဲ့လေပါသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပေါ်ပေါက်လာသောအခါ စာဆိုမှုနယ်ပယ်သည် အကျယ်ဝန်းဆုံး ဖြစ်ခဲ့သည်။ မြန်မာ့ရှေးဟောင်းရာဇဝင်လောက၊ မြန်မာ့ခေတ်သစ်နိုင်ငံရေးလောက၊ မြန်မာ့ အစဉ်အလာယဉ်ကျေးမှုလောက စသည်တို့တွင် စာဆိုဉာဏ်ကျက်စားခဲ့သည်ဖြစ်ရာ ခေတ်သစ် မြန်မာစာပေသမိုင်းတွင် အကြီးကျယ်အထွန်းပြောင်ဆုံး စာဆိုကြီး၊ အမျိုးသားစာဆိုတော်ကြီးဟူ၍ မော်ကွန်းထိုးရလောက်အောင် ခမ်းနားတင့်တယ်ခဲ့သည်။

၁၉၁၉ ခုနှစ်တွင် လွတ်လပ်ရေးအတွက်အရေးဆိုရန် မြန်မာကိုယ်စားလှယ်ကြီး ၃ ဦး လန်ဒန်သို့ သွားခဲ့သည်။ ထိုအရေးကို –

"ဩော် ... ပြေအမှုပေမို့<br>
ဇေယျတုပါကွဲ့<br>
သပြေနုချိန် တင်ရန်ပန်းတွေကလည်း များပါဘိသနဲ့<br>
ဖေ–ပု–ရှိန် အင်္ဂလန်နန်းမြေသွားတို့ကို<br>
အားမြှောက်ဖွယ်ကြွေလွှယ်ဖန်လွှယ်နဲ့<br>
အန္တရာယ် ရန်စွယ်မောင်းပါလို့<br>
မြန်နယ်ကို ပြန်လွှယ်ကြောင်းရယ်နဲ့

ဆုတောင်းကာ ပတ္ထနာဆင်ခဲ့တဲ့ပြင်” အစရှိသည်ဖြင့် မဟာလေးချိုးကဗျာကြီး ဖွဲ့ဆို၍ အားပေးခဲ့သည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်ကြသည့်အခါတွင်လည်း –

“အရေးကြီးလျှင်ဖြင့်၊ သွေးနီးရာပါစမြဲမို့
ဆရာလဲကွာ ပထမအရင်ဦးဆီက
ထဆင်ထူးကို တမြည်မြည်သင်ခဲ့သမို့
ထီမထင်ကျောင်းတော်သားတွေရဲ့
အမည်အစဉ် ခေါင်းပေါ်အဖျားတွင်ဖြင့်
မင်းရှိ့ဆရာကို စာရင်း ‘တို့’ကာထားပေတော့” ဟု တတပ်တအား ပါဝင်လှုံ့ဆော်ခဲ့သည်။

၁၉၂၉ ခု ဂဠုန်ဆရာစံခေါင်းဆောင်သော လယ်သမားအရေးတော်ပုံကြီး ပေါ်ပေါက်လာသော အခါတွင်လည်း –

“ရဂုံစံ ချစ်စရာတပည့်တို့ကိုလ
ဉုံအရဟံ သစ္စကတိတွေနဲ့
ဂဠုန်သရဏံ ဂစ္ဆာမိကြပေတော့” ဟူ၍ကဗျာဖြင့် အင်တိုက်အားတိုက် ထောက်ခံခဲ့သည်။

၁၉၃၆ ခု ရန်ကုန်တက္ကသိုလ်က ကျောင်းသားသမဂ္ဂဥက္ကဌ ကိုနု (နောင်အခါ – ဝန်ကြီးချုပ်ဦးနု) နှင့် ကိုအောင်ဆန်း (နောင်အခါ မြန်မာ့လွတ်လပ်ရေး အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း) တို့ဦးဆောင်ခဲ့သည့် ကျောင်းသားသပိတ်၊ ၁၃၀၀ ပြည့်အရေးတော်ပုံ (၁၉၃၈ ခု) ခေါင်းဆောင် ဗိုလ်အောင်ကျော် စသော နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ ပေါ်ပေါက်လာသောအခါတွင်လည်း–

“နောင်သို့အလှည့်
အောင်ဖို့တပည့်တွေနဲ့
မောင်တို့ရဲ့ တက္ကသိုလ်သခင်ကျောင်း” ဟူ၍ ခွပ်ဒေါင်းအောင်လံ တလူလူလွှင့်နေသော ကျောင်းသားတို့ကို သွေးသစ်လောင်းပေးခဲ့သည်။

၁၉၃၀ ခုနှစ်နောက်ပိုင်း တို့ဗမာအစည်းအရုံးက သခင်လှုပ်ရှားမှု ပေါ်လာသောအခါတွင်လည်း–

“ပလ္လပဟိုရ်ပျော်တနိူင်းဟူ၍ ဇမ္ဗူသမိုင်းပျော်စရာ့အခြေ

သခင်ကိုယ်တော်မှိုင်းရယ်လို့ လူတိုင်းခေါ်ကြစေ” ဟူ၍ အတိအလင်းကြွေငြာကာ သခင်ဘွဲ့ခံယူခဲ့သည်။

ရှေးခေတ် မြန်မာမျိုးချစ်သူရဲကောင်းများနှင့်ပတ်သက်၍ ဇာတိမာန်ထက်သန်အောင် ဤသို့ ဖွဲ့ဆိုခဲ့သည်။

“မြို့လုလင်သာတဲ့ကွန်းဆီသို့
တို့သခင်စာဖွဲ့လို့ ညွှန်းလိုက်မကွဲ့
(ကေသာရယ်) ဒါနဲ့လွမ်းကြပေတော့ကွာ” ဟု အစချီပြီး ...
“တောင်တမန်းမြို့ နေလနှစ်ဆောင်အညိုးတွင်ဖြင့်
အောင်ဆန်းတို့ ရွှေလရောင်အဖိုး” ဟူ၍ ဗိုလ်ချုပ်အောင်ဆန်း၏အဖိုး နယ်ချဲ့ဆန့်ကျင်ရေး သူရဲကောင်းကြီး မင်းကြီးရွှေလရောင် ဦးခေါင်းဖြတ်၍ အသတ်ခံခဲ့ရပုံသမိုင်းကို လွမ်းဆွတ်ကြေကွဲဖွယ် ဖွဲ့ဆိုဟောပြောခဲ့သည်။

ဆရာကြီးကိုယ်တော်မှိုင်းသည် ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးစဉ်ကလည်း–

“သောင်းမြန်မရဏာစမုခ်မှာတော့
ချုပ်သနဲ့ ယင်းအလိုတွင်
(အောင်ဆန်းရယ် ...) ဒေါင်းလံပုဝါအုပ်ပါလို့
ကျုပ်ဖြင့် သဂြိုဟ်ချင်” ဟူ၍ ငိုကြွေးခဲ့ရှာသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့သည်။ လွတ်လပ်ရေးရရှိပြီးမကြာမီ ပြည်တွင်းစစ်မီးကြီး လောင်မြိုက်လေတော့သည်။ ဆရာကြီးသည် ကိုယ်နှမ်းစိတ်ပန်းဖြစ်ကာ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကိုယ်တိုင်ကိုယ်ကျလည်း တနိုင်ငံလုံး လှည့်လည်ဟောပြော စည်းရုံးသည်။ လေးချိုးကဗျာကြီးများရေးဖွဲ့၍လည်း တိုင်းပြည်ကိုတင်ပြ အသိပေးသည်။ သာဓကပြရလျှင်–

“ယခင်အခါ ထမ်းပိုးတည့်တည့်ထမ်းခဲ့ကြတဲ့
စိုးနဲ့သန်းကိုလဲ၊ တမျိုးကွဲ့လွမ်းသူဆရာဖအေက၊ မာပါစေသာပါစေဆုမွန်တောင်းတဲ့ပြင်
ကမ္ဘာအေးစေတီဒါယကာ မောင်ရွှေနုကိုလဲ
အောင်ဇေယျတု ... အောင်ဇေယျတု အောင်ဆုညွှန်းလိုက်ကဲ့” စသည်အားဖြင့် သူပုန်ခေါင်းဆောင် သခင်စိုး၊ သခင်သန်းထွန်းတို့ကိုလည်းကောင်း၊ အစိုးရခေါင်းဆောင် ဝန်ကြီးချုပ်

ဦးနုကိုလည်းကောင်း နှစ်ဖက်စလုံးမေတ္တာပို့၍ သူမနာ ကိုယ်မနာငြိမ်းချမ်းရေးကို အားထုတ်ကြိုးပမ်းခဲ့လေသည်။

ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများကိုသာ ဆရာကြီးအားထုတ်သည်မဟုတ်သေး။ ကမ္ဘာ့ငြိမ်းချမ်းရေးကိစ္စများကိုလည်း ဆရာကြီး ဦးဆောင်ကြိုးပမ်းခဲ့လေသေးသည်။ "စံရွှေပြည် ဇမ္ဗူမြန်မာပျက်တက်တက်စခန်းဆီမှ၊ ဟံဂေရီဘုဒါပက်နန်းဆီသို့"ခြေလှမ်းကာ ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ အရှေ့ဥရောပနိုင်ငံများသို့လှည့်လည်၍ ငြိမ်းချမ်းရေးတရားများ ဟောခဲ့သည်။ "မဟော်အရည်တနုန်းကဲ့သို့သော၊ မော်စီတုန်းတို့စံရာ" ပီကင်းကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံကြီးသို့ တက်ရောက်၍ ထိုအတွေ့အကြုံများကိုလည်း ကဗျာလေးချိုးကြီး ဖွဲ့ဆိုခဲ့သည်။

ဆရာကြီးမှိုင်းသည် ကေအမ်တီ တရုတ်ဖြူဆန့်ကျင်ရေးလှုပ်ရှားမှု ပေါ်လာသော အခါတွင်လည်း–

"တပြည်သားနယ်ချဲ့အစွန်းရန်ကို<br>
တကယ်တကဲ့ တွန်းလှန်ဖို့က မဝေးပြီမို့<br>
အရေးကြီးလျှင်ဖြင့် သွေးစည်းပြီး<br>
ကိုင်း … ထထကြွကြွနှင့်၊ ဝိုင်းကြပေတော့" ဟု တမျိုးသားလုံးကို သတိပေးတပ်လှန့်ခဲ့သည်။

"ကောင်းကျိုးအထွေထွေရယ်နဲ့ ချွန်စေ မြစေစော။<br>
ဒေါင်းအိုးဝေရယ်လို့ တွန်စေ ကစေသော" ဟူသော သူ့စာဆိုအတိုင်း သူ့ကလောင်ကို မျိုးချစ်ဇာတိမာန်ကလောင်အဖြစ် အသုံးပြုခဲ့သည်။

ဤသို့ဖြင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် သူ၏ရွှေဒေါင်းတောင်ကလောင်ဖြင့် မြန်မာနိုင်ငံကို စောင့်ရှောက်ခဲ့ပါသတည်း။

## (၇)

မြန်မာ့ဘဝ၊ မြန်မာ့အတွေ့အကြုံ၊ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့မှ ပေါက်ဖွားလာသော မြန်မာကဗျာသည် ကိုလိုနီခေတ်တွင် ဥဒ္ဒံဟောင်းမှ ဥဒ္ဒံသစ်သို့ အသွင်ပြောင်းစပြုလာပါသည်။ မြန်မာ့အငွေ့အသက်၊ မြန်မာ့ရနံ့တွင် အင်္ဂလိပ်ကဗျာ၏ အသွေးအရောင်ရောလာသည်ကို တွေ့ရသည်။ ထိုခေတ်မှာ ရန်ကုန်တက္ကသိုလ်လူငယ်များက ၁၉၃၀ တဝိုက်တွင် လမ်းသစ်ခင်းလိုက်သော ခေတ်စမ်းစာပေလှုပ်ရှားမှုပင်တည်း။

“မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်တို့ဖြင့် တည်ဆောက်အံ့” ဟူသော ဂန္ထလောကမဂ္ဂဇင်း စာပေပျိုးခင်းမှ ဖူးသစ်ဝေဆာလာသော ခေတ်စမ်းကဗျာများသည် ဂန္ထဝင်လမ်းရိုးမှခွဲထွက်၍ တခေတ်စမ်းသပ်သောကဗျာများ ဖြစ်လာသည်။ “လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်”လာကြသည်။ ရှယ်လီ၊ ဂျွန်ကီ၊ ဘိုင်ရွန်၊ ဝဲ့ဝဲ့သ်စ် စသော အင်္ဂလိပ်စာဆိုကြီးများ၏ အတွေးအခေါ်၊ အရေးအဖွဲ့ ဩဇာများ တစိမ့်စိမ့်ဝင်ရောက်လာပြီးလျှင် မြန်မာ့ရေခံမြေခံနှင့် လိုက်လျောညီထွေလည်းဖြစ်သော စာပေအဆင်တန်ဆာသစ်ကို ဆင်မြန်းကာ ပွဲထွက်လာလေသည်။

သို့နှင့် ဇော်ဂျီ၊ မင်းသုဝဏ်၊ တက္ကသိုလ်မောင်သန့်စင် စသည့် ခေတ်စမ်းစာဆိုတို့ ထွန်းကားပေါ်ပေါက်လာခဲ့သည်။ ကဗျာဖတ်ပရိသတ်ကလည်း ရှေးနှင့်မတူ တမူထူးခြားသော ခေတ်စမ်းကဗျာများကို လက်ခံဖတ်ရှု နှစ်သက်စပြုကြသည်။ ခေတ်စမ်းတွင် ဂန္ထဝင်မြန်မာကဗျာ၏ အရောင်၊ အင်္ဂလိပ်ရောမန်တစ်စာဆိုတို့၏အရောင်နှင့် ဝံသာနုမျိုးချစ်စိတ်ဓာတ် အရောင်ဟူသော အရောင်သုံးရောင် ဟပ်လျက်ရှိသည်ဟု ခေတ်စမ်းစာဆို ခေါင်းဆောင် ဆရာဇော်ဂျီက ညွှန်ပြခဲ့ဖူးပါသည်။

မှန်သည်။ ဂန္ထလောကပျိုးခင်းမှ ထွန်းသစ်လာသော ကဗျာသစ်တို့သည် မြေစမ်း၍ ခရမ်းကိုစိုက်ပျိုးသည်ဆိုသော်လည်း ခြေခြေမြစ်မြစ် ခိုင်ခိုင်မာမာနှင့် တင့်တယ်ဝေဆာလာခဲ့သည်ကို တွေ့နိုင်ပါသည်။ စကားတန်ဆာ နားတန်ဆာဟူသော ဝစနာလင်္ကာရကိုပယ်ရှား၍ မိမိတို့စေတနာသက်ရောက်ရာ၊ အတွေးဉာဏ်ကွန့်မြူးရာကိုသာ တိကျသော အရပ်သုံးစကားဖြင့် ဖွဲ့ဆိုခဲ့သည်ကို သတိပြုနိုင်ပါသည်။

သာဓကဆောင်ပါအံ့။

မျိုးချစ်စိတ်ဓာတ်ကိုလှုံ့ဆော်ရာ၌ ထိရောက်သောပြကွင်းပြကွက်နှင့် လိုအပ်သည့်စကားကိုသာ ကျစ်ကျစ်လျစ်လျစ် ဖွဲ့တတ်ပုံကို ‘ဇော်ဂျီ’ ၏ ‘ရှေးခေတ်ပုဂံပြည်’ ကဗျာတွင်ရှု။

“မောင်တို့ကြားကုန်လော့ ...
မယ်တို့ကြားကုန်လော့ ...
ရှေးဖျား ပုဂံပြည်မျာဖြင့် ...
မြန်မာတတွေမှာ ရတနာရွှေငွေအပေါင်းငဲ့ပြင်
မင်းကောင်း နော်ရထာတဲ့
မော်စရာ ဟိုတခေတ်ကိုဖြင့်
ဉာဏ်သစ်ကာ တရှင်ရှင်နှင့်
ဘဝင်မှာ အမြင်မှန်းကာပ

တမ်းတ၍ ကြည်ညိုပါ ...။

— — — — — — — —

— — — — — — — —

လာစမ်းဟဲ့ မေ့သား
အမယ်မင်း ထွားလိုက်တာ
စစ်သားကြီး လုံးလုံး
ဗိုလ်မှူးကြီး ရှုံးလောက်ကဲ့
ပခုံးနှင့် လက်ပြင်
ကြောခြင်က သံချောင်း
တနစ်တွင်းမှာ
ချက်ချင်းပဲ ပြောင်းရော့
ကောင်းလိုက်ပေ့ မေ့သား
ဤဇမ္ဗူ တလူရှားလောက်ကဲ့
မယ်ဖွားမှာလေ၊ ပန်းသပြေနှင့်
ညောင်ရေသွန်းလောင်း
ပြည်ကြီးရှင် အနိုင်ရလို့
ငါ့သားလှပြန်လာကြောင်းကို
နေ့တိုင်းပဲ တောင်းရတယ်။
အမယ်မမ ...၊ သားလှတွက်တာ
နောင်များဖြင့် ပူပါနဲ့
ပုဂံမှာမွေး၊ ပုဂံသွေးမို့
အလေးမမူ၊ အသက်ပင်လှူခဲ့ပေ့ါ
ပြည်သူသက်စွန့်
လက်ရုံးအင် သည်တအားနဲ့
ဘယ်တိုင်းခြား ဝံ့မတုန်း ... တဲ့။”

ဆရာမင်းသုဝဏ်၏ လွတ်လပ်ရေးတောင်းဆိုသောကဗျာသံမှာ မြန်မာ့နိမိတ်ပုံ သပြေပန်းကို တင်စား၍ဖွဲ့ဆိုထားရာ လူထုအဖို့ အားမာန်ဖြစ်ပေါ်လာစေသည်။

“သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို။
တို့ပြေမှာ တို့မေကမ်းပါတဲ့

သပြေညို ရွှေဘိုပန်းဟာက
လန်းလျက်ပါကို”

ဆရာဇော်ဂျီ၏ ပန်းတောက်ပန်းကဗျာတွင် လူသား၏ဂုဏ်ကို ဖွင့်ဆိုထားသည်။ အသက်ဝင်အောင် ဖွဲ့ဆိုနိုင်စွမ်းရှိသဖြင့် ထူးခြားလှသော ကဗျာဖြစ်သည်။ ကုန်းဘောင်ခေတ် စာဆိုတော် ဦးကြော့၏ ပိတောက်ပန်းနှင့်မတူ။ တမူထူးသည်။

“မခူးချင်စမ်းပါနှင့်
နှစ်ဆန်းခါတော်မီမို့
ဇမ္ဗော်ရည်ပြေပြေလိမ်းကာပ
ခပ်သိမ်းနယ်စုံစုံသို့
ပွင့်ငုံကို လင့်ကုန်ကြတော့လို့
ခေါင်းကြွကာ ဆာဝေဝေနဲ့
သူလဲလေ လောကီသားလိုပ
ကြွားချင်လှပေလိမ့်မယ်” တဲ့။

“လှိုင်းကလေးသင်” ကဗျာတွင် လှိုင်းကလေး၏ကောင်းသော အမူအရာတခုဖြစ်သော ကြမ်းတမ်းသည့် ပင်လယ်ခရီးတွင် အတောင်ညှောင်းခဲ့သော စင်ရော်ငှက်ကလေးများကို ကျောထက်ဝယ် ဖောင်သဖွယ်သယ်ဆောင်ခဲ့ပုံကို ချီးကျူးဝမ်းမြောက်ခဲ့သည်။

“နေစာလှုံ၍
လူ့ဘုံလောက၊ နိုးခါစတည့်
ချိုးကသံရှည်၊ တေးဖွဲ့သီ၍
ဤမှာမြေပြင်၊ မြစိမ်းရှင်နှင့်
ကောင်းကင်မိုးဝယ်၊ နီလာခြယ်နှင့်
အိုဘယ်လူသား၊ နှစ်ရောင်ကြားဝယ်
ခန့်ညားပေစွ၊ ခန့်ပေစွ”
ဟူ မြက်ရိတ်သမားလူသား၏ တင့်တယ်ခန့်ညားပုံကို ဖွဲ့ခဲ့သည်။

အင်္ဂလိပ်စာဆိုတို့၏ အရိပ်ဩဇာဟု ဆိုနိုင်မည်ထင်သည်။ ဤတင်ပြပုံ၊ တွေးခေါ်ပုံ နည်းနာနိသျှတို့သည် မြန်မာစာပေ အစဉ်အလာနှင့်မတူ။ တမျိုးတဘာသာ ဆန်းသစ်လေသည်။

# (၈)

ဒုတိယကမ္ဘာစစ်အပြီးတွင် ခေတ်စမ်းကဗျာ၏လမ်းသည် ဖုံဖုံခင်းပြီးလေပြီ။ စာသစ် ကဗျာသစ် မျိုးစေ့တို့ ရင့်သန်ဖူးပွင့်ခဲ့လေပြီ။ မြန်မာနိုင်ငံလွတ်လပ်ရေးရသည့်အတွက် ဂုဏ်ဝင်နှောင်ကြိုးများ ပြေလျော့ခဲ့သည်။ ရေးဟန်တွေးဟန်များလည်း ပိုမိုကြွယ်ဝခဲ့သည်။ နိုင်ငံ၏ အတွေ့အကြုံများကလည်း ပိုမိုများပြားလာခဲ့သည် မဟုတ်ပါလား။

ကိုလိုနီထမ်းပိုးအောက်က ရုန်းထွက်ရသော အတွေ့အကြုံ၊ ဖက်ဆစ်တော်လှန်ရေး၊ ဒီမိုကရေစီနှင့်ဆိုရှယ်လစ်ဝါဒ လှိုင်းဂယက်များ၊ ပြည်တွင်းစစ်မီးလျှံ၊ တရုတ်ဖြူ နိုင်ငံခြားကျူးကျော်မှု၊ စစ်အာဏာရှင်စနစ် စသည်အားဖြင့် လှိုင်းလေကြားတွင် လူးနေသော လှေငယ်ပမာ အတွေ့အကြုံများစွာ ရရှိလာခဲ့သည်။

စာပေသစ်၊ ပြည်သူ့စာပေစသော စာပေသဘောတရားများလည်း ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ဆွေးနွေးလာကြသည်။ စစ်ပြီးခေတ်တွင် တာရာမဂ္ဂဇင်းသည် လူငယ်စာသမား ကဗျာသမားတို့အတွက် မီးရှူးမီးတိုင်ဖြစ်သည်။ လွတ်လပ်ရေးခေတ်နှင့်အညီ ပေါ်ထွန်းလာသော အမျိုးသားစာပေယဉ်ကျေးမှုသစ်ဖြစ်သည်။ ထိုစာပေသစ် ကဗျာသစ်လှုပ်ရှားမှုကို ကဗျာဆရာ ဒဂုန်တာရာနှင့် သူ့ရဲဘော်များက ဦးဆောင်ခဲ့သည်။

ဒဂုန်တာရာ၊ နုယဉ်၊ ငွေတာရီ၊ ကြည်အေး၊ မင်းယုဝေ၊ ဒေါင်းနွယ်ဆွေ စသော ကဗျာဆရာများသည် မြန်မာနိုင်ငံသစ်၏ ထင်ရှားသောစာဆိုများဖြစ်သည်။ သူတို့သည် မြန်မာစာပေအစဉ်အလာ၏ အရိပ်သာမက နိုင်ငံတကာကဗျာတို့၏ အရိပ်နှင့်လည်း မကင်းချေ။ ထူးထွေဆန်းပြားသော ခေတ်သစ်အကြောင်းအရာတို့ကား ဖွဲ့မကုန်သီမခန်း များပြားလှပါဘိ။

ဖွဲ့စရာအကြောင်းအရာများသည့်အလျောက် စာပေလွတ်လပ်ခွင့် ပြဿနာကလည်း ကြီးမားလာသည်။ ပုံသဏ္ဌာန်ရော၊ အကြောင်းအရာပါ လွတ်လပ်စွာ ဖန်တီးခွင့်ရရှိရေးအတွက် ဆွေးနွေးကြ၊ ဝေဖန်သုံးသပ်ကြ၊ တိုက်ပွဲဝင်ကြသည်။ သို့နှင့် စာရေးဆရာ၊ ကဗျာဆရာအသီးသီးတို့သည် တခါတရံ ထောင်နန်းစံဘဝရောက်ခဲ့ကြရသည်။ ထင်ရှားသော ထောင်နန်းစံ စာရေးဆရာ၊ ကဗျာဆရာကြီးများမှာ ဗန်းမော်တင်အောင်၊ လူထုဦးလှ၊ ကြေးမုံဦးသောင်း၊ ဂျာနယ်ကျော်မမလေး၊ ဒဂုန်တာရာ၊ မြသန်းတင့် စသော ပုဂ္ဂိုလ်ကြီးများ ဖြစ်ပေသည်။

အထူးသဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟု မျက်နှာဖုံးတပ်ထားသော စစ်အာဏာရှင် အစိုးရလက်ထက်တွင် စာရေးဆရာ၊ သတင်းစာဆရာ၊ ကဗျာဆရာကြီးငယ်များစွာ

ထောင်သွင်းအကျဉ်းချထားခြင်း ခံကြရကုန်သည်။ ကိုကိုးကျွန်းသို့ပို့၍ နှိပ်စက်ညှဉ်းပန်းခြင်း ခံကြရကုန်သည်။

ထိုခေတ်တွင် ကဗျာများစွာရေးဖွဲ့ကြသည့်အနက် ဆရာကြီး ဇော်ဂျီ ၏ 'ဝိဓူရဒုက္ခ' ကဗျာ အထူးထင်ရှားသည်။ ဗုဒ္ဓ၏ဖြစ်တော်စဉ် ဇာတ်တော်ကြီးဆယ်ဖွဲ့အနက် ဝိဓူရဇာတ်တော်ကိုယူ၍ ဆရာဇော်ဂျီက ခေတ်သစ်ခံစားမှုနှင့်ယှဉ်ကာ ဖွဲ့ဆိုလိုက်သောကဗျာဖြစ်သည်။

ဇာတ်လမ်းအနှစ်ချုပ်မှာ နဂါးမင်းကြီး၏ ကြင်ယာ ဝိမလာဒေဝီက ဘုရားလောင်း ဝိဓူရ အမတ်ကြီး၏တရားကို နာလိုသည်။ ယင်းသို့တရားနာလိုသည်ကို တိုက်ရိုက်မပြော။ ဝိဓူရအမတ်၏ နှလုံးသည်းပွတ်ကို စားလိုသည်ဟု ပြောသည်။ ထိုအကြောင်းကို သမီး ဣရန္ဒတီက သူ့အား ပိုးပန်းနေသော ပုဏ္ဏကနတ်သားအား ပြောသည်။ ပုဏ္ဏက က ကောရဗျမင်းကြီးထံသို့ သွားသည်။ မင်းကြီးနှင့် ကြွေအန်ကစားသည်။ နိုင်လျှင်ကြိုက်ရာကိုယူစေဟု ကတိပြုသည်။ ပုဏ္ဏက ကြွေအန်နိုင်သည်။ ဝိဓူရပညာရှိအမတ်ကို တောင်းသည်။ မင်းကြီးလည်း ကတိအတိုင်း အမတ်ကြီးကို ပေးလိုက်ရသည်။ ထိုအခါ ဆင်ခြင်တုံဉာဏ်ကင်းမဲ့သော ပုဏ္ဏကသည် ဝိဓူရ အမတ်ကြီး၏ နှလုံးသည်းပွတ်ကိုရယူအံ့သောငှာ ဝိဓူရအမတ်ကြီးကို မြင်းမြီးတွင်ချည်စေလျက် တောင်စဉ်ခုနစ်ခရိုင် စိုင်းလေသည်။ အမတ်ကြီးကား မသေ။ နောက်ဆုံးတွင် ဝိမလာဒေဝီ မိဖုရားထံရောက်မှ အကြောင်းရင်းမှန်ကိုသိပြီး ဒုက္ခအပေါင်းမှ လွတ်မြောက်ရလေသည်။

ဤအကြောင်းကိုယူ၍ ဆရာဇော်ဂျီက မျက်မှောက်ခေတ်ပြည်သူတို့၏ ဒုက္ခကို ကဗျာဖွဲ့ခဲ့သည်။

ထို့နောက် ဆရာဇော်ဂျီသည် 'ဗေဒါလမ်း' ကဗျာရှည်ကြီးကို လေးနက်သောဘဝအမြင်ဖြင့် ဖွဲ့ဆိုခဲ့ပြန်သည်။ ခေတ်သစ်မြန်မာစာပေသမိုင်းတွင် ထူးခြားသော ကဗျာကြီးပါ။

"ပေါ်ပြန်လဲ မသက်သာ။
ချောင်းအဆွယ် မြောင်းငယ်ထဲက
ဘဲထွက်လို့လာ။
ဘဲအုပ်မှာ တရာနှစ်ရာ
ဗေဒါက တပင်ထဲ။
အယက်အကန်ခံလို့
ဗေဒါပျံ့ အံ့ကိုခဲတယ်
ပန်းပန်လျက်ပဲ"

ဆရာဇော်ဂျီကဲ့သို့ ထိပ်တန်းစာဆိုကြီးဖြစ်သော ဆရာမင်းသုဝဏ်၏ 'ပျဉ်းမငုတ်တို' ကဗျာကလည်း အလွန်နှစ်သက်ဖွယ် ကောင်းပါသည်။ မြန်မာနိုင်ငံသည် ဘေးရန်ဒုက္ခအပေါင်းမှ လွတ်မြောက်၍ ပြန်လည်စိုပြေလာစေသော စေတနာအရင်းခံဖြင့် ဖွဲ့ဆိုခဲ့သည့်ကဗျာ ဖြစ်ပါသည်။

"ထိုပင်ငုတ်တို၊ ပျဉ်းမအိုသည်
စစ်ကိုလည်းကြုံ၊ ခြအုံလည်းဖြစ်
ဓားထစ်လည်းခံ၊ နေလျှံလည်းတိုက်
လေပြင်းခိုက်လည်း
မငိုက်ဦးခေါင်း၊ နွေသစ်လောင်းသော်
ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်စေ၍
လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည်
အသင်ယောက်ျားကောင်းတကား" တဲ့။

ဘဝအားမာန် အနိုင်မခံအရှုံးမပေးသော သတ္တိကို ဖွဲ့ဆိုခြင်းပေတည်း။

## (၉)

ဤတွင် ကျွန်တော်၏ ကိုယ်ပိုင်အတွေ့အကြုံများကိုလည်း အနည်းငယ် တင်ပြလိုပါသည်။ ကျွန်တော်သည် ၁၉၆၀ ခုနောက်ပိုင်းတွင် ကဗျာရေးဖွဲ့သူတဦး ဖြစ်လာပါသည်။

ပထမပိုင်းကသော် ကျွန်တော်တို့အညာဒေသ၏ ရှုခင်းများ၊ ဖြစ်စဉ်များကို ကျေးလက်ရိုးရာ တေးဆန်ဆန် ကဗျာဖွဲ့ဆိုသူဖြစ်ပါသည်။ အညတြဖန်မီးအိမ်ကလေးအကြောင်းကို ကဗျာဖွဲ့၍ စာအုပ်ထုတ်ဝေခဲ့ပါသည်။

"သူ့အဆင်းသည်
နေမင်းပမာ၊ သော်တာအလား
မဝင်းငြားလည်း
သူ့အားသူ့မာန်၊ သူပိုင်ဉာဏ်ဖြင့်
သူသန်ရာမှ၊ ဤလောကကို
အလှဆင်လိုဟန်တကား" ဟူ၍ ဖန်မီးအိမ်၏ဂုဏ်ကို ဖွဲ့ဆိုခဲ့ပါသည်။

"ဖိုးလမင်းလည်း
သူ့အဆင်းနှင့် အလင်းနှင့်။

မီးတိုင်ငယ်လည်း
သူ့အရွယ်နှင့် အစွယ်နှင့်။
ပိတောက်ဦးလည်း
သူ့ဂုဏ်ထူးနှင့် ငုံဖူးနှင့်။
မည်သည့်အရာ၊ မဆိုသာတည့်
သူ့မှာကိုယ့်မှာ၊ အလှသာတည့်။
သဘာဝလျှင်
အလှကိုယ်စီ၊ စွမ်းရည်ကိုယ်ငှ
လက်ဆောင်ငှ၏။
အလှဝန်တို၊ မငြင်ပြိုနှင့်
ဝန်တိုမှုသာ၊ မလှရာတည့်" စသော 'အလှကိုယ်စီ'ကဲ့သို့ ကဗျာမျိုးများကို ဖွဲ့ခဲ့ပါသည်။

၁၉၈၈ ခုနှစ် ရှစ်လေးလုံး လူထုအရေးတော်ပုံကြီး ပေါ်ပေါက်သောအခါ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီမိုကရေစီအင်အားစုကြီး ပေါ်ပေါက်လာပါသည်။

ထိုလူထုအရေးတော်ပုံကြီးကို ထောက်ခံသောကဗျာများကို ကျွန်တော်တို့တတွေ ရေးသားဖွဲ့ဆိုခဲ့ကြသည်။ လက်ကမ်းစာစောင်များ ထုတ်ဝေကမ်းလှမ်းဖြန့်ချိခဲ့ကြသည်။ ထို့ကြောင့် နဝတ စစ်အစိုးရက ကဗျာဆရာများကို စစ်ခုံရုံးတင်စီရင်၍ ထောင်ချခဲ့ပါသည်။ ကျွန်တော်လည်း ထောင်နန်းစံကဗျာဆရာအုပ်စုတွင် တဦးအဖြစ် ပါဝင်ခဲ့ပါသည်။

ထို့နောက် ပြည်ပြေးကဗျာဆရာအဖြစ်နှင့် ကဗျာများ ရေးဖွဲ့ခြင်း၊ အသံလွှင့်ခြင်း၊ စာအုပ်ထုတ်ဝေခြင်း စသည်တို့ကိုပြုလုပ်လျက်ရှိပါသည်။

၁၉၆၂ ခုနှစ်တွင် ဒီမိုကရေစီအရပ်သားအစိုးရကို အာဏာသိမ်း၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအုပ်ချုပ်သော စစ်အစိုးရလက်ထက်တွင် ကဗျာဆရာအများစုသည် ထောက်ခံပါဝင်ခြင်း မပြုခဲ့ကြသည်က များပါသည်။ ကြည်အောင်၊ မောင်စွမ်းရည်၊ မောင်သင်းခိုင်၊ အောင်ခြိမ့် စသော ကဗျာဆရာတို့သည် စစ်အစိုးရနှင့်ပူးပေါင်းခြင်းမပြုဘဲ နိုင်ငံတကာ လူမျိုးစုံသွေးစည်းချစ်ကြည်ရေး ကဗျာဝါဒကို ကိုင်စွဲခြင်း၊ ခေတ်ပေါ်ကဗျာအဖွဲ့အနွဲ့များကို နိုင်ငံတကာမှ မြန်မာပြန်ဆို လေ့လာကြခြင်း၊ ယနေ့ခေတ်၏အသံဟုဆိုနိုင်သော ကာရန်မဲ့ရစ်သမ်ကဗျာများ စမ်းသပ်ရေးဖွဲ့ခြင်းနှင့် နိမိတ်ပုံသစ် အလင်္ကာသစ်များကို အားထုတ်ရေးဖွဲ့ခြင်းတို့ ပြုလုပ်လျက်ရှိကြပါသည်။ စာပေစိစစ်ရေးဟူသော ဆင်ဆာဓားချက်အောက်တွင် ကဗျာသည် အသက်ငင်လျက်ရှိပါသည်။

သို့သော်လည်း မြန်မာကဗျာသည် မြန်မာလူထုနှင့်အတူ သတ်၍မသေနိုင်သော ခွန်အားတရပ်ဖြစ်ပါသည်။ ဖိနှိပ်မှုကို တွန်းလှန်၍ အောင်လံထူနိုင်ရေးအတွက်

ကြိုးစားလျက်ရှိပါသည်။ နိုင်ငံ၏အနာဂတ် ထွန်းတောက်လာသည်နှင့်အမျှ မြန်မာကဗျာ၏ အနာဂတ်သည်လည်း အနှောင်အဖွဲ့မျိုးစုံမှလွတ်မြောက်၍ တမိုးသောက်လာဦးမည်ဟု ယုံကြည်လျက်ရှိပါသည်။

တချိန်က ကျွန်တော်သည် 'ညှော့သည်ကြီး' ဟူသော ကဗျာကို ရေးဖွဲ့ခဲ့ဖူးပါသည်။

"ဆေးလိပ်လည်းတို
နေလည်းညိုပြီ
ငါ့ကို ပြန်ပို့ကြပါလေ" ဟူ၍ ဖြစ်ပါသည်။

ကျွန်တော့်တိုင်းပြည်၊ ကျွန်တော့်အိမ်ကို ပြန်ခွင့်ရသောအခါ ကျွန်တော်တို့ ပြည်သူလူထုကြီးသည် သပြေညိုရွှေဘိုပန်းနှင့် လက်ကမ်းကြိုဆိုကြလိမ့်မည်ဟု စိတ်ကူးနှင့် မျှော်မှန်းနေမိပါတော့သည်။ ဤစာတမ်းကို 'ဖုံကြီးသံနှင့် ကြိုလှည့်ပါ' ဟူသော ကျွန်တော့်ကဗျာနှင့် နိဂုံးချုပ်ပါရစေတော့။

**ဖုံကြီးသံနှင့် ကြိုလှည့်ပါ**

(က)
ခရီးသည် ထုံးဆံမြိတ်နှင့်
ပုန်းအိပ်လို့ နေခို
ရွှေဘိုသို့ မျှော်မှန်း။
မြမင်းဝံတောင်ကြောမှာ
မောင်မောရင် ဘယ်လိုဖြေရပ့်ါ
ဝါးပလွေသျှောင်မှာထိုးပါလို့
ရွှေချိုးဖို ကူသံဆိတ်
တိတ်တိတ်ကယ်တိုးတိုး
လျှိုရိုးမှာ ခြေတလှမ်း
တောသံက ဆန်း။

(ခ)
ရွှေပြည်တော် ရောက်နိုးနိုးနဲ့
တမိုးတော့ သောက်ပြန်ပြီ

ရှေ့ဆက်လို့ချီ
အရှေ့ဆီ၊ ရောင်နီက ပြေးပြေး။
ပန်းတရံ လွှမ်းပုံဆင့်
ပန်းပွင့်က မွှေးမွှေး။

(၈)
တုန်ဟည်းငယ်ညံ
ပုံကြီးသံ ချီချီနွဲ့နဲ့
ကြိုလှည့်ပါစမ်း။

ရွှေဘိုသူ ညိုပြာညက်ကဲ့
သောက်ရေခွက်ကမ်း။

ကျေးဇူးတင်ပါသည်။ ။

**တင်မိုး**

**၁၄၊ ၇၊ ၂၀၀၂**

❖ ❖ ❖ ❖ ❖

## မိုးမခမီဒီယာ က ထုတ်ဝေခဲ့သည့် စာအုပ်နှင့် မှတ်တမ်းများ စာရင်း

၁။ မိုးမခ ရေဒီယို – တင်မိုးနဲ့ ၁၂ လရာသီ ခံစားမှုများ၊ အသံသွင်းအင်တာဗျူး စုစည်းမှုများ၊ ၂၀၀၄

၂။ မိုးမခ ရေဒီယို – ၂၀၀၄ ခုနှစ် အပတ်စဉ် အစီအစဉ်များ အသံဖိုင်ပေါင်းချုပ်၊ ၂၀၀၅

၃။ ဇာဂနာ – သီးလေးသီးနဲ့ ဆေးရောင်စုံအငြိမ့် – ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၆

၄။ မိုးမခ မီဒီယာ – လစဉ်သတင်းလွှာများ ၂၀၀၆ ပေါင်းချုပ် – ပီဒီအက်ဖ် စီဒီ၊ ၂၀၀၇

၅။ ဇာဂနာ – ၁၉၉၀ သင်္ကြန် သံချပ်များ – စီဒီ ရုပ်သံခွေ၊ ၂၀၀၇

၆။ ၂၀၀၇ သံဃာ့သပိတ် အရေးတော်ပုံ ဓာတ်ပုံမှတ်တမ်းများ – ပီဒီအက်ဖ် စီဒီ၊ ၂၀၀၇

၇။ ၂၀၀၇ သံဃာ့သပိတ် အရေးတော်ပုံ အမှတ်တရ တေးသီချင်း၊ ကဗျာ မှတ်တမ်းများ – ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၇

၈။ ကဗျာဆရာကြီး ဦးတင်မိုး ကွယ်လွန်ခြင်း ၁ လ ပြည့်၊ ဖလ်မီးအိမ်သို့ အလွမ်းစာ စာစုများ – စာအုပ်၊ ၂၀၀၇

၉။ ကဗျာဆရာကြီး ဦးတင်မိုး ကွယ်လွန်ခြင်း ၆ လ ပြည့်၊ စာပေဆွေးနွေးပွဲ အထိမ်းအမှတ် – စာအုပ်၊ ၂၀၀၇

၁၀။ မိုးမခ မီဒီယာ – ကြေးမုံ ဦးသောင်း (အောင်ဗလ) ကွယ်လွန်ခြင်း၊ အမှတ်တရ စာစုများ – စာအုပ်၊ ၂၀၀၈

၁၁။ သီးလေးသီးနဲ့ ဆေးရောင်စုံ အငြိမ့်၊ ကန်တော်ကြီး မျှော်စင်ကျွန်းပွဲ ၂၀၀၇ – ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၈

၁၂။ မိုးမခ မီဒီယာ – ဒေါ်အောင်ဆန်းစုကြည် ၆၃ နှစ်မြောက်မွေးနေ့ပွဲ ဒေါ်မာမာအေး ဂုဏ်ပြုအစီအစဉ် – ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၈

၁၃။ မိုးမခ မီဒီယာ – ဟံသာဝတီ ဦးဝင်းတင် နှင့် စာနယ်ဇင်းဆောင်းပါးများ – စာအုပ်၊ ၂၀၀၈

၁၄။ မြန်မာတို့အတွက် အမေရိကန်အင်္ဂလိပ် စကားပြော လေ့ကျင့်ခန်း အသံထွက်အစီအစဉ် – အသံစီဒီ ၊ ၂၀၀၉

၁၅။ တာရာမင်းဝေ ကွယ်လွန်ခြင်း အမှတ်တရစာစုများ – အောင်ဒင် စုစည်းသည် ၊ ၂၀၀၉

၁၆။ ဆန်ဖရန်စစ္စကို ဘေးရီယာ ၂၀၀၉ ခုနှစ် စာပေဟောပြောပွဲ ရုပ်သံမှတ်တမ်း ဒီဗီဒီ ရုပ်သံခွေ ၊ ၂၀၀၉

၁၇။ အယ်လ်အေ –၂၀၀၉ ခုနှစ် စာပေဟောပြောပွဲ ရုပ်သံမှတ်တမ်း ဒီဗီဒီ ရုပ်သံခွေ ၊ ၂၀၀၉

ယခု

၁။ မြန်မာ့ဘဝ၊ မြန်မာ့ဝန်းကျင် နှင့် မြန်မာ့ကဗျာ (တင်မိုး)

ဆက်သွယ်ရန် – မိုးမခ ရေဒီယိုနဲ့ မီဒီယာ၊ စာတိုက်သေတ္တာအမှတ် ၃၂၀–၂၀၇

ဆန်ဖရန်စစ္စကိုမြို့၊ ကယ်လီဖိုးနီးယား၊ ယူအက်စ်အေ၊ ၉၄၁၃၂–၀၂၀၇၊

အင်တာနက်လိပ်စာ – မိုးမခ ဒေါ့ကွန်း



ရွှေပြည်တော် ရောက်နိုးနိုးနဲ့
တမိုးတော့ သောက်ပြန်ပြီ
ရှေ့ဆက်လို့ချီ
အရှေ့ဆီ၊ ရောင်နီက ပြေးပြေး။
ပန်းတရုံ လှမ်းပုံဆင့်
ပန်းပွင့်က မွှေးမွှေး။

တင်မိုး
(ဗုံကြီးသံနှင့် ကြို၍လှည့်ပါ --- ကဗျာမှ)